# ၁၉၆၅ ခုနှစ်၊ ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၅ ခုနှစ်၊ ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) '' ကော်ပိုရေးရှင်း '' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ တည်ထောင်သော ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) '' ဓါတ်သတ္တု '' ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ သတ္တုအခွင့်အရေးဆိုင်ရာနည်းဥပဒေများတွင်အဓိပ္ပါယ်ဖေါ်ပြထားသော သတ္တုတခုခုကိုဂင်း၊ အသက်မြန်မာနိုင်ငံ ပတ္တမြားရက်ဂူလေးရှင်း ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော ကျောက်မျက်ရတနာကိုဂင်း၊ ကျောက်စိမ်းတွင်း ရက်ဂူလေးရှင်းဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော ကျောက်စိမ်းကိုဂင်း၊ မြန်မာနိုင်ငံ သစ်တော နည်းဥပဒေများတွင် ကျောက်စိမ်း၊ ပယင်းများဟုခေါ်တွင်သော ကျောက်များကိုဂင်း၊ ဆိုလိုသည်။

(ဂ) '' ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်း '' ဆိုသည်မှာ၊ မည်သည့် ဓါတ်သတ္တုပစ္စည်းကိုမဆို ဂူးစမ်း၊ ရှာဖွေ၊ တူးဖေါ်ထုတ်လုပ်သော လုပ်ငန်းတခုခုကိုဆိုလိုသည်။

## အခန်း ၂။

### ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) အစိုးရသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်စေရန်အလို့ငှါ '' ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း '' ဟု ခေါ်သည့် ကော်ပိုရေးရှင်းတခုကို တည်ထောင်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ဤဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်းသို့ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ရယူခွင့်၊ လက်ရှိထားခွင့်၊ သို့မဟုတ် ပိုင်ဆိုင်ခွင့်လည်းရှိရမည်။ ထို့ပြင် ကော်ပိုရေးရှင်းသည်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၆၂ ခုနှစ်၊ ရေနံမြေတ်နှင့် မြေတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေအရ တည်ထောင်သော " ရေနံမြေတ်နှင့်မြေတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း " ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန် အားလုံးကို ကော်ပိုရေးရှင်းက ဆက်ခံရမည့်ပြင်၊ အဆိုပါဥပဒေအရ တည်ထောင်ထားသော ရေနံမြေတ်နှင့် မြေတ်သတ္တုပစ္စည်း ရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်းက ချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်း ကော်ပိုရေးရှင်းက ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

၄။ ။အစိုးရသည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးအား၊ ဤဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်အဖြစ်ခန့်ထားရမည်။

၅။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများဆောင်ရွက်ရန် အလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်၏တာဝန်ဝတ္တရားများကို သတ်မှတ်ရမည့်ပြင်၊ ညွှန်ကြားရေးဝန်ချုပ်အားသော်၎င်း၊ ကော်ပိုရေးရှင်း၏ အခြားရာထမ်းများအားသော်၎င်း၊ မိမိ၏တာဝန်ဝတ္တရားနှင့်အာဏာ အချို့ကိုလွှဲအပ်နိုင်သည်။

၆။ ။အစိုးရသည်၊ လိုအပ်လျှင် ညွှန်ကြားရေးဝန်ချုပ်၏လစာနှင့်စရိတ်ကြေးငွေများကိုသတ်မှတ်နိုင်သည်။

၇။ ။အစိုးရသည်၊ ကော်ပိုရေးရှင်း၏မြေတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက်ကြီးကြပ်အုပ်ချုပ်သူများကိုအခြားအစိုးရရာထမ်းများထဲမှရွေးချယ်ခန့်ထားနိုင်သည်။

၈။ ။အစိုးရသည်၊ ကြီးကြပ်အုပ်ချုပ်သူများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ရမည့်ပြင်၊ လိုအပ်ပါက ထိုကြီးကြပ်အုပ်ချုပ်သူတို့အတွက် အခကြေးငွေများကိုလည်း သတ်မှတ်ရမည်။

## အခန်း ၃။

### ကော်ပိုရေးရှင်း၏အာဏာနှင့်တာဝန်ဝတ္တရားများ။

၉။ ။(၁) တည်ဆဲ အခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ မြေတ်သတ္တုပစ္စည်းပင်ရင်းအခြေအမြစ်များတူးဖော်ထုတ်လုပ်ခြင်း၊ တိုးချဲ့လုပ်ကိုင်ခြင်း၊ အသုံးချခြင်းနှင့်ထိန်းသိမ်းခြင်းသည်၊ ကော်ပိုရေးရှင်း၏တာဝန်ဝတ္တရားများဖြစ်ရမည့်

ပြင်၊ ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ကော်ပိုရေးရှင်းက ကြည့်ရှုစစ်ဆေး၍ ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသော တာဝန်ဝတ္တရားများနှင့် ဆက်သွယ်၍၊ ပေါ်ပေါက်လာသော ကိစ္စများကိုဂင်း၊ ထိုတာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့မဟုတ် သင့်လျော်မည်ဟု မိမိထင်မြင်သောကိစ္စများကိုဂင်း၊ ဆောင်ရွက်ရမည်။ အထူးအားဖြင့်၊ ဤပုဒ်မ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) အစိုးရသဘောတူညီပြီးဖြစ်သော အခြေခံတိုးတက်မှု စီမံကိန်းတခုခုနှင့်မဆန့်ကျင်သည့် ဓါတ်သတ္တုပစ္စည်း ပင်ရင်းအခြေအမြစ်များကို တူးဖေါ်ထုတ်လုပ်ရေး၊ တိုးချဲ့လုပ်ကိုင်ရေး၊ အသုံးချရေးနှင့် သုတေသနပြုလုပ်ရေးအတွက် စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကို ကောင်းမွန်တိုးတက်စေရန် ပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့်ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန်ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းနှင့် သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်း။

(ဃ) ဓါတ်သတ္တုပစ္စည်း စူးစမ်းခြင်းနှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေခြင်းအတွက်လုပ်ဆောင်ခြင်း။

(င) ဓါတ်သတ္တုပစ္စည်းများထိန်းသိမ်းခြင်း။

(စ) ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

(၃) အစိုးရသည်၊ ရေနံဓါတ်အက်ဥပဒေ (The Petroleum Act)၊ သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအက်ဥပဒေ (The Explosives Act)၊ သို့မဟုတ် သတ္တုတွင်းအက်ဥပဒေ (The Mines Act)၊ သို့မဟုတ် ရေနံမြေအက်ဥပဒေ (The Oil-fields Act) သက်ဆိုင်ရာရာအရ၊ ပေါက်ကွဲစေတတ်သည့်ဝတ္ထုပစ္စည်းကြည့်ရှုစစ်ဆေးရေး အရာရှိချုပ် (The Chief Inspector of Explosives) အားဖြစ်စေ၊ သတ္တုတွင်းကြည့်ရှုစစ်ဆေးရေးအရာရှိချုပ် (The Chief Inspector of Mines) အားဖြစ်စေ၊ ရေနံမြေအုပ်ချုပ်ရေးမှူး (The Warden) အားဖြစ်စေ၊ အပ်နှင်းထားသောအာဏာနှင့် တာဝန်ဝတ္တရားများကို၊ အဆိုပါအက်ဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းကသုံးစွဲဆောင်ရွက်ရမည်ဟု အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။

(၄) ကော်ပိုရေးရှင်းသည်၊ ဓါတ်သတ္တုပစ္စည်း စူးစမ်းမှု (Exploration)၊ သို့မဟုတ် ရှာဖွေမှု (Prospecting)၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှု (Mining) ပြုလုပ်ရာ၌ အဆိုပါစူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုနှင့်သက်ဆိုင်သည့် တရားဥပဒေများပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ ဘိုရာတွင် ထိုတရားဥပဒေများတွင်ပါရှိသည့် အဆိုပါစူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုဆိုင်ရာ စံနစ်တကျ လုပ်ငန်းဆောင်ရွက်မှုစည်း

မျဉ်းသဿမှတ်ချက်များ၊ ဆေးအန္တရာယ် ကာကွယ်ရေးပြဋ္ဌာန်းချက်များကိုလိုက်နာ ဆောင်ရွက်ရမည်။

၁၀။ ။ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ကော်ပိုရေးရှင်း၌ အောက်ပါကိစ္စများကို ဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ဤဥပဒေအရ၊ ပြဋ္ဌာန်းထားသောတာဝန်ဝတ္တရားများကိုဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ ရ-သုံးမှန်းခြေ ငွေစာရင်းနှင့်အညီ ငွေများသုံးစွဲခြင်း။

(ခ) အစိုးရကသတ်မှတ်သည့်စည်းကမ်းချက်များအရ၊ ခံဝန်ချုပ်များ၊ ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်နှင့် အစု [စတော့ (စ်)] များထုတ်ပေးခြင်း။

(ဂ) အစိုးရကသတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှဖြစ်စေ၊ ငွေချေးယူသုံးစွဲခြင်း။

(ဃ) သတ္တုတွင်းတူးဖေါ်ရေးနှင့် စပ်လျဉ်း၍၊ မည်သည့်ကိစ္စ၌မဆို အကြံဉာဏ်ပေး ပုဂ္ဂိုလ်ရွေးချယ်ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်အားသင့်တော်သောအခနှင့် စရိတ်ကြေးငွေများပေးခြင်း။

(င) ကော်ပိုရေးရှင်း၏လုပ်ငန်းဆောင်တာများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လက်အောက်ခံအဖွဲ့များဖွဲ့စည်းခြင်း။

(စ) အောက်ပါကိစ္စအားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍ စည်းကမ်းဥပဒေများပြုခြင်း။

(၁) အစိုးရကခွင့်ပြုသည့်အရေအတွက်ထက်မပိုစေဘဲ၊ ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့်အခြားအမှုထမ်း စည်းကမ်းများသတ်မှတ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏တာဝန်ဝတ္တရားများနှင့်အာဏာများသတ်မှတ်ခြင်း။

(၂) ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများ သက်သာချောင်ချိရေးအတွက် သင့်တော်မည့်အိုနာစာရံပုံငွေနှင့် အခြားအထောက်အပံ့များစီမံပြုလုပ်ပေးခြင်း။

(၃) ကော်ပိုရေးရှင်း၏ကိုယ်စား စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်း။

## အခန်း ၄။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၁၁။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြားအစိုးရလက်အောက်ခံဘုတ်အဖွဲ့ကော်ပိုရေးရှင်းများနည်းတူ ရ-သုံးမှန်းခြေငွေစာရင်းကို အစိုးရထံတင်သွင်းရမည်။

၁၂။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေအားလုံးကို၊ အစိုးရ ငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

၁၃။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏အသုံးစရိတ်များကို၊ အစိုးရက အခါအားလျော်စွာ ညွှန်ကြားသည့်နည်းလမ်းအတိုင်းထုတ်ယူသုံးစွဲရမည်။

၁၄။ ။(၁) ကော်ပိုရေးရှင်းသည်၊ လာမည့်ဘဏ္ဍာရေးနှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ အစိုးရကသတ်မှတ်သည့်နေ့ရက်မတိုင်မီ၊ အစိုးရ၏ သဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူတင်သွင်းနိုင်သည်။

(၂) အစိုးရသဘောတူညီသည့် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲခြင်း စည်းမျဉ်းများနှင့်အညီမှတပါး မည်သည့်အသုံးစရိတ်ကိုမျှ၊ ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ထားသည်ထက်ပို၍ ကော်ပိုရေးရှင်းက ကျခံခြင်းမပြုရ။

၁၅။ ။(၁) ကော်ပိုရေးရှင်းသည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့်ငွေစာရင်းများကိုငှင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုငှင်း၊ အစိုးရ၏သဘောတူညီချက်ဖြင့် စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။ထို့ပြင်ဘဏ္ဍာတော်နှစ်အသီးသီးနှင့် စပ်လျဉ်းသည့် ကော်ပိုရေးရှင်း၏နှစ်ချုပ်ငွေစာရင်းကိုလည်းကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ အစိုးရက ညွှန်ကြားသည့် ကာလအပိုင်းအခြားများအတွက် ကော်ပိုရေးရှင်း၏ငွေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကိုပါ အစိုးရထံသို့ ပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချုပ်အစီရင်ခံစာကို အစိုးရထံသို့တင်ပြရမည်။

(၄) ကော်ပိုရေးရှင်းသည်၊ စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက်၊ မှတ်ပုံတင်စာရင်းစစ်များအား ခန့်ထားနိုင်သည်။ ထိုစာရင်းစစ်များသည်၊ အစိုးရ၏သဘောတူညီချက်ဖြင့် ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း စစ်ဆေးနိုင်သည်။

(၅) ကော်ပိုရေးရှင်း၏ ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ ကော်ပိုရေးရှင်းသည်၊ အစိုးရထံသို့ ထိုနှစ်ချုပ်စာရင်း မိတ္တူတစောင်ကို၊ စာရင်းစစ်ချုပ်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည်။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုး ယုတ်လျော့မှု အတွက် နှုန်းများကို၊ အစိုးရက စာရင်းစစ်ချုပ်နှင့်ညှိနှိုင်းတိုင်ပင်၍ ပြဋ္ဌာန်းသည့်နှုန်းများနှင့် စည်းကမ်းများအတိုင်းသတ်မှတ်ရမည်။

## အခန်း ၅။

### ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန်ပျက်ကွက်မှုသော အမှုအခင်းများတွင်၊ ကော်ပိုရေးရှင်း၏ အခွင့်အရေးများနှင့် အာဏာများ။

၁၇။ ။(၁) မည်သည့်ပုဂ္ဂိုလ်ကမဆို ခေါ်သတ္တုပစ္စည်း တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းမဆို၊ စာချုပ်စာတမ်းများအရ၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရမည့် ကြွေးမြီများကို ပေးဆပ်ရန် ပျက်ကွက်ခဲ့သော်လည်း၊ ကော်ပိုရေးရှင်းနှင့် ချုပ်ဆိုထား

သော စာချုပ် စာတမ်းပါ စည်းကမ်းချက် တခုခုကို လိုက်နာရန် ပျက်ကွက်လျှင် သော်၎င်း၊ ကော်ပိုရေးရှင်းမှာ၊ တည်ဆဲအခြား တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ အဆိုပါလုပ်ငန်းကို၊ သို့မဟုတ် ၎င်း၏အုပ်ချုပ် စီမံခန့်ခွဲမှုကို သိမ်းယူနိုင်ခွင့်ရှိရမည်။

(၂) တူးဖေါ်ထုတ်လုပ်ရရှိသည့် ဓါတ်သတ္တုပစ္စည်းများ၊ သို့မဟုတ် သတ္တုရိုင်းများကို၊ အဆိုပါပုဂ္ဂလိကပိုင် ဓါတ်သတ္တု ပစ္စည်း တူးဖေါ် ထုတ်လုပ် ရေး လုပ်ငန်းက အာမခံအဖြစ် ထားရှိလျှင်၊ ကော်ပိုရေးရှင်းမှာ ထိုဓါတ်သတ္တု ပစ္စည်း၊ သို့မဟုတ် သတ္တုရိုင်းများ ပေါ်တွင် ရရှိသည့် အခွင့် အရေးများအတိုင်း၊ ထိုဓါတ်သတ္တုပစ္စည်း၊ သို့မဟုတ်သတ္တုရိုင်းများမှ လုံးဝဖြင်စေ၊ တစိတ်တဒေသဖြင်စေ၊ ထုတ်လုပ်သည့်ပစ္စည်းများပေါ်တွင် အခွင့်အရေးများရရှိစေရမည်။

(၃) ကော်ပိုရေးရှင်းသည် မိမိအား အာမခံ အဖြစ် ပေးသွင်းထားသော၊ သို့မဟုတ် ပေါင်နှံထားသော၊ သို့မဟုတ်လွှဲအပ်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ မိမိထုတ်ချေးသည့် ငွေဟူသရွေ့ကို၎င်း၊ ထိုသို့ထုတ်ချေးသည့်ငွေအပေါ်တွင်တောင်းခံနိုင်သောအတိုး အားလုံးကို၎င်း၊ ထိုငွေထုတ်ချေးရာတွင် ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျသည့်စရိတ်များကို၎င်း၊ အဆိုပါပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းထံမှဖြစ်စေ၊ ထိုထုတ်ချေးငွေ ပေးဆပ်ရန် ခံဝန်သူတဦးဦးထံမှဖြစ်စေ၊ မြေခွန်တော်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့အရတောင်းခံနိုင်သည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းတခုခုကို၊ သို့မဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူလျှင်၊ ကော်ပိုရေးရှင်းမှာ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နည်းလမ်းတကျကုန်ကျသောစရိတ်ကြေးငွေများကို လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့်ရှိရမည်။ ထိုသို့ သိမ်းယူခြင်းဖြင့်၊ သို့မဟုတ် ပုဒ်မခွဲ (၃) အရ၊ တောင်းခံခြင်းဖြင့် ရရှိ ထားသော ငွေများကို၊ ပဋိညာဉ်စာချုပ်တွင်အခြားနည်းအတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင်၊ ယုံကြည်အပ်နှံထားသောငွေအဖြစ်ဖြင့်၊ ကော်ပိုရေးရှင်းကလက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှ ထိုသို့သိမ်းယူခြင်း၊ သို့မဟုတ် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျသောစရိတ်ငွေများကို ပဌမအဆင့်အနေဖြင့်၎င်း၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ဒုတိယ အဆင့်အနေဖြင့်၎င်း၊ ခုနှိမ်ခြင်းဖြင့် ကော်ပိုရေးရှင်းက ရယူနိုင်သည်။ ထိုသို့ရယူပြီးနောက် ကျန်ရှိနေသောငွေများကို ရသင့်ရထိုက်သူအား ကော်ပိုရေးရှင်းက ထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေး လုပ်ငန်းတခုခုကို သိမ်းယူလိုက်သည့်အခါ၊ အဆိုပါလုပ်ငန်းက တရားစွဲဆိုသည့်၊ သို့မဟုတ် အဆိုပါလုပ်ငန်းကိုတရားစွဲဆိုသည့် တရားမမှုများအတွက် ကော်ပိုရေးရှင်းသည်၊ အဆိုပါလုပ်ငန်း၏ပိုင်ရှင်ဖြစ်သည်ဟုမှတ်ယူရမည့်ပြင်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်အမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

၁၈။ ။အောက်ပါ အကြောင်း တခုခု ဖြစ်ပေါ်လျှင် ပဋိညာဉ်စာချုပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းသည်၊ မိမိက ငွေထုတ်ချေးထားသော

မည်သည့်ပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေး လုပ်ငန်းထံမှမဆို၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသောကြွေးမြီကိုအပြည့် ပြန်လည်ပေးဆပ်စေရန်စာဖြင့် ရေးသား၍တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန် လျှောက်ထားခဲ့စဉ်က၊ အရေးကြီးသော အချက်နှင့် စပ်လျဉ်း၍ မှားယွင်းသော၊ သို့မဟုတ် မမှန်ကန်သော အကြောင်း အရာကို ဖေါ်ပြသည်ဟု အစိုးရက ထင်မြင်ယူဆလျှင်၊ သို့မဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ် ရေးလုပ်ငန်းက၊ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက် ကွက်လျှင်၊ သို့မဟုတ်

(ဂ) ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းသည် တင်ရှိနေ သောကြွေးမြီကို ပေးဆပ်နိုင်လိမ့်မည်မဟုတ်ဟုသော်၎င်း၊ ၎င်း၏ လုပ်ငန်းများရပ်ဆိုင်းရန် အကြောင်းများ ပေါ်ပေါက် နေ သည် ဟူ၍သော်၎င်း၊ အစိုးရက ထင်မြင်ယူဆရန် လုံလောက်သော အကြောင်းရှိလျှင်၊ သို့မဟုတ်

(ဃ) ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းက ချေးယူသည့်ငွေ အတွက်ကော်ပိုရေးရှင်းအား လွှဲအပ်ထားသော၊ သို့မဟုတ်ပေါင်နှံ ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ကော်ပိုရေးရှင်းကြေနပ်လောက် သောအာမခံကို လုပ်ငန်းပိုင်ရှင်က ဆုံးပါးပျက်စီးမှု မရှိအောင် ထားနိုင်ခြင်း၊ သို့မဟုတ်ဆက်လက်ထားနိုင်ခြင်းမပြုလျှင်၊ ထိုပြင်ထိုသို့ လွှဲအပ်ထားသော၊ သို့မဟုတ် ပေါင်နှံထားသောပစ္စည်းသည်အထူး ပင် တန်ဘိုးယုတ်လျော့လာ၍ အာမခံထပ်လောင်း ဖြည့်တင်းရန် တောင်းဆိုပါသော်လည်း အာမခံထပ်လောင်း ဖြည့်တင်းခြင်းမပြု လျှင်၊ သို့မဟုတ်

(င) အာမခံပစ္စည်းအဖြစ် ပေးသွင်းထားသောစက်နှင့်စက်ကိရိယာပစ္စည်း အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ကော်ပိုရေးရှင်း၏ သဘောတူညီချက်မရရှိဘဲ၊ ပုဂ္ဂလိကပိုင်ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်းမှ ရွှေ့ပြောင်းသယ်ယူပြီး ပြန်လည်အစားထိုး ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(စ) မည်သည့်အကြောင်းကြောင့်မဆို၊ ကော်ပိုရေးရှင်း၏အကျိုးစီးပွါးကို ကာကွယ်ရန်လိုအပ်လာလျှင်။

## အခန်း ၆။

### အထွေထွေ

၁၉။ ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများသည်၊ ဤဥပဒေအရ ဆောင်ရွက် နေစဉ်၊ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်း များဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ။ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

၂၁။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အစိုးရသည် အမိန့်ကြော်ငြာဖြင့် နည်းဥပဒေများပြုနိုင်သည်။

၂၂။ ။အစိုးရသည်၊ ကော်ပိုရေးရှင်းထံမှ အမှုတွဲများ၊ အစီရင်ခံစာများ၊ သို့မဟုတ် ခန့်မှန်းခြေငွေစာရင်းများကိုကြည့်ရှုလို၍ တောင်းယူလျှင် ကော်ပိုရေးရှင်းက တင်ပြရမည်။

၂၃။ ။ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်၊ လျှင်မြန်နိုင်သမျှလျင်မြန်စွာ၊ အစိုးရထံသို့ ကော်ပိုရေးရှင်းသည် လွန်ခဲ့သည့်နှစ်အတွင်း ကော်ပိုရေးရှင်းက ဆောင်ရွက်ခဲ့သမျှသောကိစ္စများနှင့်စပ်လျဉ်း၍၊အုပ်ချုပ်မှုအစီရင်ခံစာတစောင်ကိုကော်ပိုရေးရှင်းက ကျင့်သုံးခဲ့သောမူဝါဒနှင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ် အကြောင်းအရာဖော်ပြချက်နှင့်အတူတင်သွင်းရမည်။

၂၄။ ။၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်းဥပဒေ (၁၉၁၂ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၉) ကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံဝေယျာကရဏ ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။